# မှန်မြတ်-ကြယ်ပွင့်

(၁)
မွန်မြတ်.....ကြယ်ပွင့်
(..............)
ဘယ်သူလဲ...?
သူ......။



(၂)
သူ့ဖခင်ဟာ
ဗမာ့လွတ်လပ်ရေးရဲ့ ဖခင်
ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို
ကမ္ဘာ့မိသားစုထဲမှာ
လွတ်လပ်တဲ့ နိုင်ငံတော်အဖြစ်
သူ့အသက်နဲ့ရင်းပြီး
မွေးဖွားပေးခဲ့တဲ့
မိခင်လည်းဟုတ်......ဖခင်လည်းဟုတ်.....တဲ့
ပြည်ထောင်စုကြီးရဲ့ ဗိသုကာ
(ဦး)အောင်ဆန်း......
အထုပ္ပတ္တိရှိတယ်.....မော်ကွန်းရှိတယ်
သူဟာ
အဲဒီ(ဦး)အောင်ဆန်းရဲ့ သမီး
အမည်
(ဒေါ်)အောင်ဆန်းစုကြည်
သူ့မှာ......
ရှိသေထိုက်တဲ့ မျိုးရိုးဂုဏ်သိက္ခာ
မိဘအစဉ်အလာရှိတယ်
သူ့မှာ.....
လေးစားလောက်တဲ့
ကိုယ်ပိုင်အရည်အချင်းရှိတယ်

(၃)
သူ....ဘယ်တိုင်းပြည်မှာ
ပညာသင်ခဲ့
ဘယ်လူမျိုးနဲ့ဖူးစာဖက်
လက်ထပ်ခဲ့.....ပဓါနမဟုတ်
ဒါတွေဟာ.....
သူ တဦးတည်း ပိုင်ဆိုင်တဲ့
ပုဂ္ဂိုလ်ရေးသာဘဲ
အဓိက လုပ်ဆောင်ချက်က
သူ ဘယ်သူတွေရဲ့အကျိုး
သယ်ပိုးနေလဲ
အဆိပ်ပင်ကို

ရေလောင်းပေးကြတဲ့အထဲ
သူပါသလား
ကိုယ်ကောင်းစားဖို့ တိုင်းပြည်ကို
စစ်ဖိနပ်နဲ့နင်း
ကိုယ့်လူမျိုးကို ကိုယ်ပြန်သတ်တဲ့
အမျိုးအစားထဲ သူပါသလား
တကယ်က သူမဟာ
(၈၈၈၈) အရေးတော်ပုံကြီးက
ကျောင်းသား၊ ရဟန်း၊ ပြည်သူ
အသက်ပေါင်းများစွာ
ပေတရာလမ်းပေါ်မှာ
ပက်ပက်စက်စက် အစတေးခံပြီးမှ
ရခဲ့ရတဲ့ ရခဲလှတဲ့
စိတ်ဓါတ်ကြံ့ခိုင်တဲ့
လူထုခေါင်းဆောင်...
အောင်ဆန်းရဲ့....သွေး

(၄)
(၉၀)ပြည့်ရွေးကောက်ပွဲဟာ
သူသာ တိုင်းပြည်မှာ မရှိခဲ့ရင်
ဖြစ်လာခဲ့ဖို့ မသေချာဘူး
(၈)လေးလုံးဆိုတာလည်း
စစ်ဗိုလ်ချုပ်တွေရဲ့ လှည့်ကွက်နဲ့
ရာဇဝင်မှာ....
ဗမာတွေ လူသားစားတဲ့
ပွဲဆိုးကြီးအဖြစ်သာ....ဇာတ်သိမ်းခဲ့
မြင့်မြတ်တဲ့....
ဒီ.....အရေးတော်ပုံကြီးဟာ
စစ်ဗိုလ်တွေ ပါးစပ်ကထွက်တဲ့
တံထွေး....တဖျစ်ဖျစ်ထဲ
ရေတိမ်နစ်ခဲ့ပေါ့

(၅)
တိုင်းပြည်တပြည်မှာ
ရဲရင့်ပြတ်သား အားထားရမဲ့
စစ်သားကြီးတွေက
ကတိမတည်ကြည်
အာဏာကိုတရားလွန်
မက်ကြတော့...
ကမ္ဘာသိ ရွေးကောက်ပွဲကို
အမျိုးမျိုးအကြောင်းပြ
ကလိမ်စေ့ငြမ်းဆင်ပြီး
ရွေးကောက်ပွဲ အနိုင်ရသူတွေကို
ထောင်ထဲထည့်ထား



အများအမြင်မှာ အတွေးမှားအောင်
အမျိုးသား ညီလာခံကို
အခမ္မဖော်ဆောင်
အာဏာလက်မလွှတ်ရေး
ဒို့အရေးလို့....စစ်ဗိုလ်ချုပ်တွေ
ကြွေးကြော်နေလေရဲ့...။

(၆)
ဒီကနေ့ မြန်မာပြည်မှာ
ပြည်သူလူထုအပေါ်
တကယ်တမ်း သစ္စာရှိရှိနဲ့
အယုတ်တမာ လူတစု....လုပ်သမျှ
ခေါင်းငုံ့မခံ ဖွဲနဘဲနဲ့
လူထုဘက်က ရပ်တည်ရဲတဲ့
ပြည်သူ့ရဲ့ခေါင်းဆောင်
အာဇာနည်မျိုးရိုးရဲ့
ပြယုဂ်.....ဒါတင်မဟုတ်
သူမရဲ့ မူပိုင်
အထုပ္ပတ္တိတခု ရဲရဲဝံ့ဝံ့
မော်ကွန်းထိုးလျှက်ရှိ
သူမ....ဟာ
အမိမြန်မာနိုင်ငံရဲ့
မွန်မြတ်ကြယ်တပွင့်
(ဒေါ်)အောင်ဆန်းစုကြည်
မုန်တိုင်းက ထန်ထန်
လှိုင်းလေက ကြီးကြီး
သည်ခရီးကို
ပင်ပမ်းစွာ ကြိုးစားလျှော်ခတ်နေရတဲ့
အနာဂါတ် မိခင် မြတ်မိခင်ကို
လေးစားဂုဏ်ယူဦးညွတ်လိုက်ပါသည်။



နေကြာ